# ဘဏ္ဍာတော်နှင့် အခွန်တော်ဌာန။
# ၁၉၄၂ ခုနှစ်၊ ဗမာပြည်ကြေးငွေနှင့်ဆိုင်သော စီစဥ်မှုတချက်လွှတ်အမိန့်။
# ၁၉၄၂ ခုနှစ်၊ တချက်လွှတ်အမိန့်အမှတ်စဉ် ၁။
# (၁၉၄၂ ခုနှစ်၊ စက်တဘ်ာလ ၁၅ ရက်)

ဗမာပြည်တွင် လဲလှယ်သုံးစွဲနေသော ဂျပန်အစိုးရစစ်ဘက်ဆိုင်ရာငွေစက္ကူများကို တရားဝင်အသိအမှတ်ပြုရန်နှင့် တန်ဘိုးကိုမျှတညီညွတ်စေရန် ထုတ်ပြန်သောတချက်လွှတ်အမိန့်။

၁၉၄၁ ခုနှစ်၊ ဒီဇဘ်ာလ (၈) ရက်နေ့တွင် လဲလှယ်သုံးစွဲနေသော ငွေစက္ကူများနှင့်ဂျပန်အစိုးရ စစ်ဘက်ဆိုင်ရာ ငွေစက္ကူများကို ဗမာပြည်တွင် ဥပဒေအရ အသိအမှတ်ပြုရန်အလို့ငှါအစိုးရက ချက်ခြင်း အရေးယူလိုအပ်သည့် အကြောင်းအချက်များရှိနေသဖြင့်၊ ဗမာနိုင်ငံတော်အတွင်းရှိ ဂျပန်တပ်မတော်၏ စစ်သေနာပတိကြီး၏ သဘောတူညီချက်အရ၊ အစိုးရဝန်ကြီးချုပ်က အောက်ပါတချက်လွှတ်အမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ။ (၁) ယခုတချက်လွှတ်အမိန့်ကို **၁၉၄၂ ခုနှစ်၊ ဗမာပြည်ငွေကြေးစီစဥ်မှု တချက်လွှတ်အမိန့်**ဟု ခေါ်တွင်အပ်သည်။

(၂) ယခုတချက်လွှတ်အမိန့်မှာ၊ ဗမာပြည်တပြည်လုံးနှင့် သက်ဆိုင်စေရမည်။

(၃) ယခုတချက်လွှတ်အမိန့်ထုတ်ပြန်ကြော်ငြာသည့် နေ့ကအစပြုသည့် တလအကုန်တွင်အတည်ဖြစ်စေ ရမည်။ ငွေကြေးစနစ်အသစ်ကို ဥပဒေအရတည်ထောင်သည့် အချိန်အထိအတည်ဖြစ်စေရမည်။

၂။ ။ "ပဲ"၊ "ပိုင်" ကိုဖျက်သိမ်းရမည်။ "ဆင့်" ကိုဗမာပြည်သုံးအဖြစ်ဖြင့် အတည်ဖြစ်စေရမည်။ တဆင့် သည် ငွေဒင်္ဂါးတကျပ်၏တရာပုံတပုံဖြင့် ညီမျှရမည်။

၃။ ။ ၁၉၄၁ ခုနှစ်၊ ဒီဇဘ်ာလ (၈) ရက်နေ့တွင် ဗမာပြည်တွင်ဥပဒေအရ လဲလှယ်သုံးစွဲနေသောငွေများ သည် ယခင်ကကဲ့သို့ယခင်နည်းအတိုင်း၊ ဗမာပြည်တွင်ဆက်လက်၍ လဲလှယ်သုံးစွဲနေရမည်။ သို့သော် အောက်ပါနှုန်းအစိတ်အပိုင်းရှိသော ငွေတန်ဘိုးများသည် အောက်တွင်ဖေါ်ပြထားသော ဆင့်တန်ဘိုးများ နှင့်ညီမျှရမည်။

| | | | | |
|---|---|---|---|---|
| (က) | ရှစ်ပဲ၊ သို့မဟုတ် သတ္တုငါးမူးစေ့ | | .... | ဆင့်ငါးဆယ်။ |
| (ခ) | လေးပဲ၊ သို့မဟုတ် သတ္တုမတ်စေ့ | | .... | ဆင့်နှစ်ဆယ်ငါး။ |
| (ဂ) | နှစ်ပဲ၊ သို့မဟုတ် သတ္တုမူးစေ့ | .... | .... | ဆင့်တဆယ်။ |
| (ဃ) | တပဲ၊ သို့မဟုတ် သတ္တုပဲစေ့ | .... | .... | ငါးဆင့်။ |
| (င) | ပိုက်ဆံကြေးပြားတပြား | .... | .... | တဆင့်။ |

(စ) ပိုက်ဆံတဝက်ကြေးပြားတပြား .... ဆင့်တဝက်။

(ဆ) တပိုင်ကြေးပြားတပြား .... .... ဆင့်တဝက်။

၄။ ။ ဗမာနိုင်ငံတော်ရှိ၊ ဂျပန်တပ်မတော်၏ စစ်သေနာပတိကြီးက၊ ၁၉၄၂ ခုနှစ်၊ မေလ ၁ ရက်နေ့တွင် ထုတ်ပြန်ကြော်ငြာသည့်အတိုင်း၊ ဂျပန်အစိုးရစစ်ဘက်ဆိုင်ရာ ငွေစက္ကူများသည်၊ "ကျပ်" "ဒေါ်လာ"၊ သို့မဟုတ် "ဆင့်" အစိတ်အပိုင်းများဖြစ်စေရမည်။ ၎င်းအပြင်၊ ဤငွေစက္ကူများသည်၊ ပုဒ်မ ၃ တွင်ဖော်ပြထားသောငွေများနှင့် တချိန်တည်းလဲလှယ်သုံးစွဲနေရမည်။ "ဒေါ်လာ" သည် "ကျပ်" နှင့်တန်ဘိုးညီ တူညီမျှဖြစ်စေရမည်။

၅။ ။ မည်သူမဆို-

(က) ယခု တချက်လွှတ်အမိန့်ပါအချက်များကို၊ ကျူးလွန်သည်ဖြစ်စေ၊ လိုက်နာရန်လစ်ဟင်းသည် ဖြစ်စေ၊ လိုက်နာခြင်းကို ပိတ်ပင်တားဆီးသည်ဖြစ်စေ၊ သို့မဟုတ်

(ခ) ငွေဒင်္ဂါးကို အတုပြုလုပ်သည်ဖြစ်စေ၊ ငွေစက္ကူကို အတုပုံနှိပ်ခြင်း ပြုလုပ်သည်ဖြစ်စေ၊ သို့မဟုတ် သိလျက်နှင့်ငွေဒင်္ဂါးကို အတုပြုလုပ်သည်၊ သို့မဟုတ် ငွေစက္ကူကို အတုပုံနှိပ်ခြင်းပြုလုပ်သည့် နည်းတခု ၏ အစိတ်အပိုင်းတခုခုကို ပြုလုပ်သည်ဖြစ်စေ၊ သို့မဟုတ်

(ဂ) ငွေဒင်္ဂါးကိုအတုပြုလုပ်သည့်၊ သို့မဟုတ် ငွေစက္ကူကို အတုပုံနှိပ်ခြင်းပြုလုပ်သည့် နည်းတခု၏ အစိတ်အပိုင်းတခုခုကို ပြုလုပ်သည်ဖြစ်စေ၊ သို့မဟုတ် ပြင်သည့်နည်းတခုခု၏အစိတ်အပိုင်းကို ပြုလုပ် ဆောင်ရွက်သည်၊ သို့မဟုတ် ဝယ်သည်၊ လက်ခံသည်၊ ရောင်းသည်၊ သုံးစွဲသည်၊ သို့မဟုတ် အရောင်း အဝယ်ပြုလုပ်သည်၊ ငွေဒင်္ဂါးလုပ်ရန်နှင့်ငွေစက္ကူလုပ်ရန်အတွက်၊ သွန်းရန်၊ နှိပ်ရန်၊ ပုံ သို့မဟုတ် ကိရိယာကိုဝယ်သည်၊ လက်ခံသည်၊ ရောင်းသည်၊ သုံးစွဲသည်ဖြစ်စေ၊ သို့မဟုတ်

(ဃ) ဗမာပြည်တွင်းသို့ငွေဒင်္ဂါး၊ သို့မဟုတ် ငွေစက္ကူကို တင်သွင်းခြင်းပြုလုပ်ခဲ့လျှင်၊ ကြီးလေးစွာအပြစ် ပေးခံရလိမ့်မည်။

ဘမော်။

ဝန်ကြီးချုပ်။

ရန်ကုန်မြို့၊ ၁၉၄၂ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်။